# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၈**

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပြည်ထောင်စုအစိုးရကြား ထိရောက်မှုရှိသော ဘဏ္ဍာရေးစီမံခန့်ခွဲမှု မြှင့်တင်နိုင်ရေးအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့က နေပြည်တော်တွင်ကျင်းပခဲ့ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် JICA နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုအဖွဲ့ (CESD)က ပြုလုပ်နေသည့် ငွေကြေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများတွင် ပြည်ထောင်စု-ဒေသန္တရ ပြည်သူ့ဘဏ္ဍာရေးကြား ဆက်ဆံရေးနှင့်ပတ်သက်သည့် သုတေသနတွေ့ရှိချက်များကို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း JICA က သတင်းထုတ်ပြန်သည်။

ထိုသို့ အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးရန် အစိုးရအဖွဲ့အဆင့်အသီးသီးမှ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်အားလုံး တက်ရောက်ရေးသည် အရေးကြီးကြောင်း CESD အမှုဆောင်ဒါရိုက်တာ ဒေါက်တာဇော်ဦးက ပြောကြားသည်။

JICA သည် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ သုတေသနနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် ရန်ပုံငွေကို ပံ့ပိုးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က သတင်းထုတ်ပြန်ထားသည်။ ■